# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးခြင်း ဆိုင်ရာ လုပ်ငန်းလမ်းညွှန်

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်

မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ပုံစံ(၁၅)များ ဖြန့်ဖြူးခြင်း | ၁ |
| ၃။ | ကျောင်း၊ သင်တန်း၊ အချုပ်ခန်း၊ ဆေးရုံများမှ ထပ်ဆင့်ကြေညာခြင်း | ၂ |
| ၄။ | သက်ဆိုင်ရာ အကြီးအမှူးများမှ ပုံစံ(၁၅)များ ရယူခြင်းနှင့် ဖြန့်ဝေခြင်း | ၂ |
| ၅။ | သက်ဆိုင်ရာ ကျောင်းအကြီးအမှူး၊ သင်တန်းအကြီးအမှူး၊ အချုပ်ခန်းအကြီးအမှူးနှင့် ဆေးရုံတာဝန်ခံတို့မှ ပုံစံ(၁၅)များအား လက်ခံခြင်း | ၃ |
| ၆။ | ပုံစံ(၁၅)များအား စိစစ်ခြင်း | ၄ |
| ၇။ | မှတ်ပုံတင်ရေးသွင်းခြင်းနှင့် ဆက်လက် ဆောင်ရွက်ခြင်း | ၅ |
| ၈။ | ပုံစံ(၁၅)များအား မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများသို့ ပြန်လည်ပေးပို့ခြင်း | ၅ |
| ၉။ | သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများနှင့် ဆေးရုံသို့ တက်ရောက်နေရသော အတွင်းလူနာများ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်း | ၆ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ ပုံစံ(၁၅)များအား အရေးယူ ဆောင်ရွက်ခြင်း | ၁၀ |
| ၁၁။ | သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများက သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပတွင် ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် ကြိုတင် ဆန္ဒမဲပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်း | ၁၁ |
| ၁၂။ | ကျောင်းများ၊ သင်တန်းများ၊ အချုပ်ခန်းများ နှင့် ဆေးရုံများမှ ပြန်လည်ပေးပို့လာသော ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို စိစစ်လက်ခံခြင်း | ၁၂ |
| ၁၃။ | နိဂုံး | ၁၃ |

## သက်ဆိုင်ရာမဲဆန္ဒနယ်၏ပြင်ပတွင်ရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးခြင်းဆိုင်ရာလုပ်ငန်းလမ်းညွှန်

**နိဒါန်း**

၁။ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပတွင် ရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲ ဥပဒေများတွင်လည်းကောင်း၊ယင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို လက်တွေ့အကောင် အထည်ဖော် လုပ်ကိုင်ရာ၌ လိုက်နာကျင့်သုံးရမည့် နည်းလမ်းများကို သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများတွင် လည်းကောင်း ထည့်သွင်းပြဋ္ဌာန်း ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၂။ ယင်းသို့ ပြဋ္ဌာန်းချက်များအား သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ပြည်ထဲရေးဝန်ကြီး ဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြီးကြပ် အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ပိုမိုတိကျ လွယ်ကူစေရန် ရည်ရွယ်၍ ဤလုပ်ငန်း လမ်းညွှန်အား ပြုစု ထုတ်ပြန်ခြင်းဖြစ်သည်။

**ပုံစံ(၁၅)များဖြန့်ဖြူးခြင်း**

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကျင်းပမည့် နေ့ရက် များကို ကြေညာပြီးနောက် သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပ

ရောက် ပြည်တွင်း၌ နေထိုင်သူများအနက် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများထံ ဖြန့်ဖြူးနိုင်ရန် အတွက် ပုံစံ(၁၅) Soft Copy ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသို့ ကြိုတင်ပေးပို့ထားမည်။

၄။ သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသည် ယင်းပုံစံများကို အချိန်မီဖြန့်ဖြူး နိုင်ရန်အတွက် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲများထံသို့ ဆောလျင်စွာ ပေးပို့ထားရမည်။

**ကျောင်း၊ သင်တန်း၊ အချုပ်ခန်း၊ ဆေးရုံများမှ ထပ်ဆင့် ကြေညာခြင်း**

၅။ သက်ဆိုင်ရာ ကျောင်းအကြီးအမှူး၊ သင်တန်းအကြီး အမှူး၊ အချုပ်ခန်းအကြီးအမှူး၊ ဆေးရုံတာဝန်ခံတို့သည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် နေ့ရက်များကို ဌာန၏ ကြော်ငြာသင်ပုန်းတွင် ထပ်ဆင့်ကပ်ထား၍ ကြေညာရမည်။

**သက်ဆိုင်ရာ အကြီးအမှူးများမှ ပုံစံ(၁၅)များ ရယူခြင်းနှင့် ဖြန့်ဝေခြင်း**

၆။ သက်ဆိုင်ရာ အကြီးအမှူးသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်ကို ကြေညာပြီးနောက် သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ဆန္ဒမဲပေးပိုင်ခွင့်ကို ကျင့်သုံးနိုင်စေရန်အတွက်

ပုံစံ(၁၅)များကို နီးစပ်ရာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲများထံမှ တောင်းယူရမည်။

၇။ ထိုပုံစံ(၁၅)များကို မိမိကွပ်ကဲမှုအောက်ရှိ ကြိုတင်ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများထံ ဖြန့်ဖြူး ရမည်။

၈။ ထိုသို့ ဖြန့်ဖြူးသည့်အခါ ယင်းပုံစံများကို မည့်သည့် နေ့ရက် အရောက် ဖြည့်စွက် ပေးပို့ရမည် ဖြစ်ကြောင်း တစ်ပါတည်း အကြောင်းကြားရမည်။

**သက်ဆိုင်ရာ ကျောင်းအကြီးအမှူး၊ သင်တန်းအကြီးအမှူး၊ အချုပ်ခန်းအကြီးအမှူးနှင့် ဆေးရုံတာဝန်ခံတို့မှ ပုံစံ (၁၅) များ အား လက်ခံခြင်း**

၉။ သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်း အကြီး အမှူးများနှင့် ဆေးရုံတာဝန်ခံများသည် ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များ စိစစ်လက်ခံခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ ဆောင်ရွက်ရာတွင် မိမိကိုယ်စားဆောင်ရွက်စေရန် တာဝန်ခံ အရာရှိ တစ်ဦးဦးအား တာဝန်ပေးအပ် နိုင်သည်။

၁၀။ သက်ဆိုင်ရာ အကြီးအမှူးများမှ တာဝန်ပေးအပ်ခြင်း ခံရသူသည် ပေးပို့လာသည့် ပုံစံ (၁၅) များအား ပြည့်စုံစွာ ဖြည့်သွင်းရေးသားထားခြင်း ရှိ/မရှိ ကနဦး ကြည့်ရှုစိစစ် ရမည်။( စိစစ်ရမည့် အချက်များကို သီးခြားဖော်ပြထားသည်)

၁၁။ ပြည့်စုံစွာ ဖြည့်သွင်းရေးသားထားခြင်းမရှိသည့် ပုံစံ(၁၅) များကို ပြင်ဆင်/ဖြည့်စွက်၍ ပြန်လည်ပေးပို့စေရန် ယင်းပုံစံ (၁၅)အား ပေးပို့သူထံသို့ ပြန်လည်ပေးအပ်ရမည်။

၁၂။ ပြည့်စုံမှန်ကန်စွာဖြည့်သွင်းထားသော ပုံစံ(၁၅)၏ အပေါ် ထောင့်တစ်နေရာတွင် သက်ဆိုင်ရာ ရုံးတံဆိပ်ရိုက်နှိပ်ရမည်။

**ပုံစံ(၁၅)များအား စိစစ်ခြင်း**

၁၃။ သက်ဆိုင်ရာ တာဝန်ခံအရာရှိသည် ပေးပို့လာသည့် ပုံစံ (၁၅) များအား အောက်ပါအတိုင်း စိစစ်ရမည် -

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နောက်ဆုံး အတည်ပြုထုတ်ပြန်ထားသောပုံစံ(၁၅) ဟုတ်/ မဟုတ်။

(ခ) ပုံစံ(၁၅)တွင် ဖြည့်သွင်းရန်ဖော်ပြထားသည့် နေရာ များ(ကွက်လပ်)အားလုံးတွင် ဖြည့်သွင်းထားခြင်း ရှိ/မရှိ ယေဘုယျအားဖြင့် ကြည့်ရှုရမည်။

(ဂ) ပုံစံ(၁၅)ပါတောင်းဆိုလိုသည့် မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲနှင့် တောင်းဆို သူ၏ အမည်ပါရှိခြင်း ရှိ/မရှိ။

(ဃ) ပုံစံ (၁၅)ပါ အမှတ်စဉ် (၁)မှ (၆)အထိ ပြည့်စုံစွာ ဖြည့်သွင်းထားခြင်းရှိ/မရှိ။ (အထူးသဖြင့်အမှတ်စဉ် (၂)ပါ တိုင်းရင်းသားလူမျိုးဖော်ပြရာတွင် အဖ၊ အမိ တို့၏ တိုင်းရင်းသားလူမျိုးများအမည်အား ပြည့်စုံစွာ ဖြည့်သွင်းထားခြင်း ရှိ/မရှိ။)

(င) ပုံစံ (၁၅)ပါ အမှတ်စဉ် (၇)တွင် တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ [ပုံစံ (၆၆/၆)ရှိသည့် နေရပ် လိပ်စာ]အား အသေးစိတ်ထည့်သွင်းထားခြင်း ရှိ / မရှိ။

(စ) တောင်းဆိုသူ၏ လက်မှတ် သို့မဟုတ် လက်ဗွေ ပါရှိခြင်း ရှိ/မရှိ စိစစ်ရန်။

(ဆ) ပုံစံ(၁၅)ပါ အမှတ်စဉ်(၈)တွင် တောင်းဆိုသူ ယခု ရောက်ရှိနေသည့် ပြည်တွင်း နေရပ်လိပ်စာအား ပြည့်စုံတိကျမှန်ကန်စွာ ဖြည့်သွင်းထားခြင်းရှိ / မရှိ။

**မှတ်ပုံတင်ရေးသွင်းခြင်းနှင့် ဆက်လက်ဆောင်ရွက်ခြင်း**

၁၄။ စနစ်တကျ စိစစ်လက်ခံပြီးသည့် ပုံစံ(၁၅)များကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က သတ်မှတ်ထားသည့် သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များမှ ပုံစံ (၁၅)ဖြင့် တောင်းခံသည့် မှတ်ပုံတင်စာရင်း ပုံစံတွင် မြို့နယ် အလိုက် ဖြည့်သွင်းရမည်။ မှတ်ပုံတင်စာရင်း ပုံစံမှာ ပူးတွဲ (က) ပါ အတိုင်း ဖြစ်သည်။

**ပုံစံ(၁၅)များအား မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ များသို့ ပြန်လည်ပေးပို့ခြင်း**

၁၅။ သက်ဆိုင်ရာ အကြီးအမှူးသည် မြို့နယ်အလိုက် ခွဲခြား ထားသော ပုံစံ(၁၅)များကို မြို့နယ်အလိုက် ရုံးစာ၊ မြို့နယ် အလိုက်မှတ်ပုံတင်စာရင်းပုံစံနှင့်အတူ သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်ရှင် အဖွဲ့ခွဲများသို့ ပေးပို့ရမည်။

**သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံ နေရသူများနှင့် ဆေးရုံသို့ တက်ရောက်နေရသော အတွင်းလူနာများ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေး အတွက် ဆောင်ရွက် ခြင်း**

၁၆။ သက်ဆိုင်ရာ အကြီးအမှူးများသည် မြို့နယ်ကော်မရှင် အဖွဲ့ခွဲများမှ ပေးပို့လာသည့် ကြိုတင်ဆန္ဒမဲ လက်မှတ်ပါ စာအိတ်ကြီးများကို ယင်းတို့နှင့်အတူ ပူးတွဲပါဝင်သည့် ပူးတွဲ(ခ)ပါ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများစာရင်းနှင့် တိုက်ဆိုင် စစ်ဆေး၍ လက်ခံ ရမည်။ ယင်းစာရင်းများ၏ မိတ္တူတစ်စောင်စီကို ကြော်ငြာ သင်ပုန်းတွင် ကပ်ထားကြေညာရမည်။

၁၇။ ချို့ယွင်းအားနည်းချက်များရှိပါက သက်ဆိုင်ရာ မြို့နယ် ကော်မရှင် အဖွဲ့ခွဲသို့ ဆောလျင်စွာ အကြောင်း ကြားရမည်။

၁၈။ ကြိုတင်ဆန္ဒမဲပေးမည့်နေ့ကို နီးစပ်ရာ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသို့ အနည်းဆုံး တစ်ပတ် ကြိုတင်၍ အကြောင်းကြားရမည်။

၁၉။ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံ နေရသူများအတွက် ကြိုတင် ဆန္ဒမဲပေးရန် အောက်ပါနည်းလမ်းများအတိုင်း ဆောင်ရွက် ရမည်-

(က)ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံ နေရသူများအတွက် ကြိုတင်ဆန္ဒမဲပေးရန် နေရာ သတ်မှတ်ပေးရမည်။

(ခ) မဲလက်မှတ်ပေါ်ရှိ မဲရုံမှူးလက်မှတ်ရေးထိုးရန် နေရာတွင် လက်မှတ်ရေးထိုးရန် မလိုအပ်ပါ **(မလိုအပ်ပါ)**။ ထို့ပြင် ဆန္ဒမဲလက်မှတ်ပေါ်တွင် တံဆိပ်တုံးရိုက်နှိပ်ခြင်း၊ အမှတ်အသား ပြုလုပ်ခြင်း များ လုံးဝ**(လုံးဝ)** မပြုလုပ်စေရပါ။

(ဂ) ထို့နောက် ကြိုတင်ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများအတွက် ကြိုတင်ဆန္ဒမဲ လက်မှတ်များကို စနစ်တကျ ထုတ်ပေးရမည်။

(ကြိုတင်ဆန္ဒမဲလက်မှတ်များကို ထုတ်ပေး/ ထုတ်ယူ ရာတွင် သက်ဆိုင်ရာ မဲဆန္ဒရှင်၏ အမည်ဖော်ပြ ထားသည့် စာအိတ်ကြီးကို ဖွင့်ဖောက်၍ အတွင်းမှ သက်ဆိုင်ရာ လွှတ်တော်အလိုက် ကြိုတင်ဆန္ဒမဲ လက်မှတ်ပါ **စာအိတ်ငယ် များကိုသာ** ပူးတွဲ(ခ) ပါ ပုံစံတွင် လက်မှတ်ရေးထိုးစေပြီး ထုတ်ပေးရမည်။)

(ဃ)မဲဆန္ဒရှင်များအား ဆန္ဒမဲလက်မှတ် ထုတ်ပေး ပြီးနောက် ကြိုတင်ဆန္ဒမဲလက်မှတ် များပေါ်တွင် လျှို့ဝှက်ဆန္ဒပြုစေကာ သက်ဆိုင်ရာ စာအိတ်ငယ် များတွင် ထည့်သွင်း၍ လုံခြုံစွာပိတ်စေပြီး သတ်မှတ် မဲပုံးအတွင်းသို့ ပြန်လည် ထည့်သွင်း စေရမည်။

(င) မဲပေးခြင်းပြီးဆုံးသည့်အခါ ကြိုတင်ဆန္ဒမဲ လက်မှတ် ပါ စာအိတ်ငယ်များအား သက်ဆိုင်ရာမြို့နယ် အလိုက် ခွဲခြား၍ မဲဆန္ဒရှင်များမှ လက်မှတ်ရေးထိုး ထားသော ပုံစံနှင့်အတူ သက်ဆိုင်ရာမြို့နယ် ကော်မရှင် အဖွဲ့ခွဲသို့ ပြန်လည်ပေးပို့ရမည်။

၂၀။ သက်ဆိုင်ရာ ဆေးရုံတာဝန်ခံသည် ကြိုတင်ဆန္ဒမဲပေးရန် အောက်ပါ နည်းလမ်းများ အတိုင်း ဆောင်ရွက်ရမည်−

(က) အတွင်းလူနာများရှိရာ နေရာခုတင်အသီးသီး၌ ကြိုတင် ဆန္ဒမဲလက်မှတ်များတွင် လိုအပ်သလို ဖြည့်သွင်း နိုင်ရန် စီစဉ်ပေးရမည်။

(ခ) ထို့နောက် ကြိုတင်ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များကို စနစ်တကျ ထုတ်ပေး ရမည်။

(ကြိုတင်ဆန္ဒမဲလက်မှတ်များကို ထုတ်ပေး/ ထုတ်ယူ ရာတွင် သက်ဆိုင်ရာ မဲဆန္ဒရှင်၏ အမည်ဖော်ပြ ထားသည့် စာအိတ်ကြီးကို ဖွင့်ဖောက်၍ အတွင်းမှ သက်ဆိုင်ရာ လွှတ်တော်အလိုက် ကြိုတင်ဆန္ဒမဲ လက်မှတ်ပါ **စာအိတ်ငယ်များကိုသာ** ပူးတွဲ(ခ) ပါ ပုံစံတွင် လက်မှတ်ရေးထိုးစေပြီး ထုတ်ပေးရမည်။)

(ဂ) မဲဆန္ဒရှင်များအား ဆန္ဒမဲလက်မှတ်ထုတ်ပေးပြီး နောက် ကြိုတင် ဆန္ဒမဲလက်မှတ်များပေါ်တွင် လျှို့ဝှက် ဆန္ဒပြုစေကာ သက်ဆိုင်ရာ စာအိတ်ငယ်

များတွင် ထည့်သွင်း၍ လုံခြုံစွာပိတ်စေပြီး သတ်မှတ် မဲပုံး အတွင်းသို့ ပြန်လည် ထည့်သွင်းစေရမည်။

(ဃ) ကြိုတင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော လူနာကိုယ်တိုင် ကြိုတင် ဆန္ဒမဲလက်မှတ်၌ ရေးသွင်းရန် အခက်အခဲ ရှိလျှင် ဆေးရုံဝန်ထမ်းနှစ်ဦး၏ ရှေ့မှောက်တွင် ယင်း လူနာ၏ ဆန္ဒအတိုင်း မိမိက ရေးသွင်းရမည်။ ထို့နောက် ကြိုတင် ဆန္ဒမဲ လက်မှတ်ကို စာအိတ်၌ ထည့်သွင်း၍ လုံခြုံစွာ ပိတ်ပြီးလျှင် သက်ဆိုင်ရာသို့ ပြန်လည်ပေးပို့ရမည်။

(င) ကျန်းမာရေး အခြေအနေကြောင့် ဆန္ဒမဲပေးရန် မသင့်ဟု ထင်မြင်ယူဆလျှင် ယင်း ပုဂ္ဂိုလ်အား ဆန္ဒမဲပေးစေခြင်းမှ ချန်လှပ်ထားနိုင်သည်။ ထိုသို့ ချန်လှပ်ထားသော အကြောင်းရင်းကို ဖော်ပြထား သည့် အစီရင်ခံစာ တစ်စောင်ကို ကြိုတင်ဆန္ဒမဲ လက်မှတ်ပါ စာအိတ်များနှင့်အတူ သက်ဆိုင်ရာသို့ ပြန်လည် ပေးပို့ရမည်။

(စ) မဲပေးခြင်းပြီးဆုံးသည့်အခါ ကြိုတင်ဆန္ဒမဲ လက်မှတ် ပါ စာအိတ်ငယ်များအား သက်ဆိုင်ရာ မြို့နယ် အလိုက် ခွဲခြား၍ မဲဆန္ဒရှင်များမှ လက်မှတ်ရေးထိုး ထားသော ပုံစံနှင့်အတူ သက်ဆိုင်ရာ မြို့နယ် ကော်မရှင် အဖွဲ့ခွဲသို့ ပြန်လည်ပေးပို့ရမည်။

**သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ပုံစံ(၁၅)များအား အရေးယူ ဆောင်ရွက်ခြင်း**

၂၁။ သက်ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲသည် သက်ဆိုင်ရာ အကြီးအမှူးများမှ ပေးပို့ လာသော ပုံစံ (၁၅)များကို မှန်ကန်မှု ရှိ/မရှိ မှတ်ပုံတင်စာရင်းပုံစံနှင့် တိုက်ဆိုင် စစ်ဆေးရမည်။

၂၂။ ချို့ယွင်းအားနည်းချက်များ တွေ့ရှိပါက သက်ဆိုင်ရာ အကြီးအမှူးထံသို့ ဆောလျင်စွာ အကြောင်း ကြားရမည်။

၂၃။ ပြည့်စုံမှန်ကန်ပါကထိုပုံစံ(၁၅)များကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့ရမည်။

၂၄။ သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲသည် ယင်းပုံစံများကို စိစစ်၍ မဲဆန္ဒနယ် ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများစာရင်း ပုံစံ (၁-၁)ဖြင့် သီးခြားရေးမှတ်ထားပြီး စာရင်းမိတ္တူနှစ်စောင်ကို မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသို့ ပေးပို့၍ မိတ္တူတစ်စောင်ကို မိမိရုံးတွင်ကပ်ထားရမည်။

၂၅။ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသည် ပေးပို့လာ သည့် ပုံစံ (၁-၁)တစ်စောင်ကို လက်ခံအဖြစ်သိမ်းဆည်းထားပြီး ကျန်တစ်စောင်ကို မိမိရုံးတွင်ကပ်ထားရမည်။

**သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများက သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပတွင် ရောက်ရှိနေသူများ အနက် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများအတွက် ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေး အတွက် ဆောင်ရွက်ခြင်း**

၂၆။ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသည် ပုံစံ(၁-၁) စာရင်းအရ သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပတွင်ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာအကြီးအမှူးထံသို့ ပေးပို့ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

**(က) ကြိုတင်ဆန္ဒမဲလက်မှတ်၏ လက်ခံဖြတ်ပိုင်းပေါ်တွင်လည်းကောင်း၊ ကျောဘက်တွင်လည်းကောင်း ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်ကို ရိုက်နှိပ်ပေးရမည်၊**

**(ခ) ကြိုတင်ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် တာဝန်ခံထုတ်ပေးသူက အမည်ဖော်ပြ၍ လက်မှတ်ရေးထိုးရမည်၊**

(ဂ) မဲဆန္ဒရှင် တစ်ဦးလျှင် လွှတ်တော်တစ်ရပ်ချင်းစီအတွက် မဲလက်မှတ် တစ်စောင်စီအား သက်ဆိုင်ရာ လွှတ်တော်စာအိတ်ငယ်အတွင်း ထည့်သွင်း ရမည်၊ (ယင်းစာအိတ်ငယ်များပေါ်တွင် မဲဆန္ဒနယ် သို့မဟုတ်

မဲဆန္ဒနယ်နှင့် မဲဆန္ဒနယ် အမှတ်ကိုသာ ရေးသား ဖော်ပြရမည်။)

(ဃ) ယင်းကြိုတင်ဆန္ဒမဲစာအိတ်ငယ်များကို သက်ဆိုင်ရာ မဲဆန္ဒရှင်၏ အမည်၊ မြို့နယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏အမည်ကိုရေးသားထားသည့် စာအိတ်ကြီးတစ်အိတ်အတွင်းသို့ ထည့်သွင်းရမည်။

၂၇။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော် ပုံစံ(၁-၁) စာရင်းအား မဲဆန္ဒနယ်အမှတ် (၁) နှင့် (၂) ခွဲခြားပြုစုရာတွင် မှားယွင်းမှု မရှိစေရန် ဂရုပြုဆောင်ရွက်ရမည်။

၂၈။ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်ကြီးများအား ပုံစံ(၁-၁) မိတ္တူတစ်စုံနှင့်အတူ သက်ဆိုင်ရာ ကျောင်းများ၊ သင်တန်းများ၊ အချုပ်ခန်းများနှင့် ဆေးရုံများသို့ ဆက်လက်ပေးပို့ရမည်။

၂၉။ အထက်အပိုဒ်(၂၇)ပါအတိုင်း ပေးပို့ရာတွင် ပုံစံ(၁-၁) စာရင်းအပေါ်အခြေခံ၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံး များက ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံများအလိုက် ပူးတွဲ(ခ)ပါ ပုံစံအတိုင်း ခွဲခြား ပြုစုထားသည့် စာရင်းများနှင့် အတူ တစ်ပါတည်းပေးပို့ရမည်။

**ကျောင်းများ၊ သင်တန်းများ၊ အချုပ်ခန်းများနှင့် ဆေးရုံများမှ ပြန်လည်ပေးပို့လာသော ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲ လက်မှတ်ပါ စာအိတ်များကို စိစစ်လက်ခံခြင်း**

၃၀။ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ကျောင်းများ၊ သင်တန်းများ၊ အချုပ်ခန်းများနှင့် ဆေးရုံများမှ ပြန်လည်ပေးပို့လာသည့် ကြိုတင်ဆန္ဒမဲ လက်မှတ်ပါ စာအိတ်များကို ပူးတွဲပါဝင်သည့် မဲဆန္ဒရှင်များမှ လက်မှတ်ရေးထိုးထားသည့် ပုံစံနှင့် တိုက်ဆိုင်၍ စိစစ်လက်ခံရမည်။

၃၁။ ယင်းသို့ လက်ခံရာတွင် မဲပေးသည့်နေ့ ညနေ ၄ နာရီ ထက်နောက်ကျမှ ရောက်ရှိလာသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို မဲရေတွက်ရာတွင် ထည့်သွင်းရေတွက်ခြင်း မပြုရ။

**နိဂုံး**

၃၂။ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပတွင် ရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ပြည်ထဲရေးဝန်ကြီး ဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ တို့သည် အခြေခံကျသော အခန်း ကဏ္ဍမှ အကောင်အထည်ဖော် ဆောင်ရွက်ကြရသည့် အဖွဲ့ အစည်းများ ဖြစ်ကြသည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးသည် အမျိုးသား

ရေး တာဝန်တစ်ရပ်ဖြစ်သည်နှင့်အညီ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြစေရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့သည် ပေါင်းစပ်ညှိနှိုင်းခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်း အဆင့်ဆင့်အား ကြီးကြပ်ခြင်း၊ ကြီးကြပ်စေခြင်းတို့ဖြင့် ဆောင်ရွက်သွား ကြရန် ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပူးတွဲ (က)

# သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များမှ ပုံစံ(၁၅) ဖြင့် တောင်းခံသည့် မှတ်ပုံတင်စာရင်း

........................................... မြို့နယ် ........................................ ကျောင်း / သင်တန်း / အချုပ်ခန်း / ဆေးရုံ

| စဉ် | ပုံစံ ၁၅ ဖြင့် တောင်းဆိုသူ အမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာအပြည့်အစုံ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

ပူးတွဲ (ခ)

## ကျောင်း / သင်တန်း / အချုပ်ခန်း / ဆေးရုံများ ခွဲခြားထားသည့် သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များစာရင်း

........................................ ကျောင်း / သင်တန်း / အချုပ်ခန်း / ဆေးရုံ ........................................ မြို့နယ်

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာအပြည့်အစုံ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |